# လွန်းထားထား

ဆေးတက္ကသိုလ်



# အတောင်ပံတွေရှိခဲ့ရင်

အတောင်ပံတွေ ရှိခဲ့ရင် အခုအချိန်မှာ
အပျံသန်းချင်ဆုံးနေရာ တစ်နေရာပဲ ရှိတယ်။
အဲဒါ ချစ်သူရဲ့ လက်ထပ်မင်္ဂလာပွဲဆီကိုလေ....။
ပြိုင်ဘက်တစ်ယောက် ဆိုတဲ့ မျက်နှာဖုံးအောက်က
ချစ်သူဆိုတဲ့ မျက်နှာအစစ်ကို တစ်နေ့နေ့
တစ်ချိန်ချိန်မှာ တွေ့မြင်လိုက်ရချိန်မှာ
ရင်ထဲမှာ စစ်ပွဲ တစ်ခု ခင်းကျင်းခဲ့ ပြီးနေပြီလေ....။

## အခန်း (၁)

### သူငယ်တန်းဘဝ ....

ရှေ့ဆုံးတန်းရှိ ခုံကလေးတစ်ခုဆီ ဆန်းကြယ်နှင့် သက်ထင်ညို တို့ နှစ်ယောက် အလုအယက် အပြိုင်အဆိုင် ပြေးလျက်ရှိသည် ။ နှစ်ယောက်စလုံးကို ကြည့်လိုက်လျှင် ယောကျ်ားလေးချည်းပဲဟု ထင်မှာ သေချာ

၏။ အဘယ်ကြောင့် ဆိုသော် , ဆန်းကြယ်ကို မေမေက သားကလေး လိုချင်ဇော ထက်သန်နေဆဲ မိန်းကလေး မွေးလာသဖြင့် ယောကျ်ားကလေး တစ်ယောက်လို ဆင်ယင်ထား သောကြောင့် ဖြစ်သည် ။ ဆန်းကြယ်ကလည်း မိန်းကလေးဘဝထက် ယောကျ်ားလေးလို နေရသော ဘဝကို ပို၍ ခုံမင်နှစ်ခြိုက်သူဖြစ်ရာ ပြောစရာ မရှိတော့ချေ။

ခုံကလေးဆီသို့ ဆန်းကြယ်နှင့် သက်ထင်ညိုတို့ နှစ်ယောက်ပြိုင်တူလိုလို ရောက်သွားသည် ဖြစ်ရာ နှစ်ယောက်စလုံး ခုံကလေးပေါ်သို့ အလုအယက် ဦးအောင် ထိုင်ချလိုက်ကြသည် ။ ခုံကလေးပေါ်မှာ ဖင်တစ်ခြမ်းစီ ဖြစ်လျက် တစ်ယောက်ကိုတစ်ယောက် တွန်းတိုက်ဖယ်ချနေသည် ကို မိခင်နှစ်ယောက်က သဘောကျစွာ စောင့်ကြည့်လျက် ရှိကြလေသည် ။

ဆန်းကြယ်တို့ ကလေးနှစ်ယောက် ပြိုင်ဘက်တွေ ဖြစ်လာကြသည်မှာ လည်း တကယ်တော့ အံ့သြဖို့ မရှိ။ သူမတို့ မိခင်နှစ်ယောက်က ဆန်းကြယ်တို့ မမွေးခင်တည်းကပင် ပြိုင်ဘက်တွေ ဖြစ်ခဲ့ကြကာ တွေ့လိုက်လျှင် အမြဲတမ်း ပြိုင်ဆိုင်တတ်ကြသူတွေ ဖြစ်ခဲ့သည် ။

အပျိုဘဝကတည်းက အဝတ်အစား အသုံးအဆောင်ချင်း ပြိုင်၊ သုံးနိုင် ဖြုန်းနိုင်တာချင်း ပြိုင်၊ ရည်းစားရတာချင်းပြိုင် စသဖြင့် ပြိုင်ဆိုင်ခဲ့ကြပြီး အိမ်ထောင်ကျတော့လည်း မင်္ဂလာပွဲကို ဘယ်သူက ဘယ်ဟိုတယ်မှာ ပိုပြီး ခမ်းခမ်းနားနား လုပ်နိုင်တာကိုပါ ပြိုင်ခဲ့ကြသော မိခင်နှစ်ယောက် ဖြစ်သည် ။ အိမ်ထောင်ကျပြီး ယောကျ်ားတွေရဲ့ အလုပ်အကိုင်ချင်း ဆက်ပြိုင်၊ ဝင်ငွေကောင်းတာ၊ သုံးစွဲနိုင်တာချင်းပြိုင်၊ ဝတ်နိုင်စားနိုင်တာချင်းပြိုင်၊ အဆုံးစွန် ခြံချင်းကပ်လျက်မို့ ရပ်ကွက်ထဲမှာ အလှူငွေ လာကောက်လျှင် ငွေပိုလှူနိုင်တာချင်းပါ ပြိုင်ခဲ့ကြသူတွေဖြစ်သ

ည် ။

အပြိုင်အဆိုင် ဝါသနာကြီးပုံမှာ ကိုယ်ဝန်ဆောင်တော့လည်း အတူတူလိုပင်။ သားဦးကလေးကို ယောကျ်ားလေးဖြစ်ဖို့ နှစ်ယောက်စလုံး ကျိတ်ပြိုင်ကြလေသည် ။ သားဦး ယောကျ်ားလေးဖြစ်မှ ပင် ထိုမိခင်က မိန်းမမြတ် ဖြစ်တော့မလို။ မိန်းကလေးမွေးရင်ပင် မမြင့်မြတ်တော့သလို တလွဲယူဆခဲ့သောကြောင့် ဖြစ်သည် ။

တကယ်တော့ ပြိုင်မဲ့သာ ပြိုင်နေကြသော်လည်း နှစ်ယောက်သားတွေ့လိုက်လျှင် ရင်းရင်းနှီးနှီး ဖက်လှဲတကင်းနှင့် ကြွားလုံးကလေးတွေ အပြိုင်အဆိုင် သုံးကာ ပြိုင်တတ်ကြသော သူငယ်ချင်း ပြိုင်ဘက်တွေ ဖြစ်လေသည် ။ အဲဒီတော့ သူမတို့ နှစ်ယောက်က မွေးလာခဲ့ကြသော ဆန်းကြယ်နှင့် သက်ထင်ညိုတို့ ပါအလိုလို ကူးစက်ကာ အပြိုင်သန်လာကြတာကို အပြစ်ဆိုဖွယ် မရှိတော့ချေ။

"ဒါ ငါ့နေရာ။ ဒီခုံမှာ ငါ ထိုင်မှာ ။ နင်ဖယ်"

ဟု ဆန်းကြယ်က အော်လျက် သက်ထင်ညိုကို ကိုယ်ခန္ဓာချင်း တွန်းတိုက်ပစ်လျက်ရှိသည် ။

သက်ထင်ညိုကလည်း အံကလေး ကြိတ်လျက် ...

"ငါ အရင်ဦးတာ၊ ဒါငါ့ခုံ၊ နင်သာဖယ်"

ဟု မာန်မလျှော့ဘဲ ပြန်အော်လေသည် ။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် မျက်လုံးတပြူးပြူး၊ အံတကြိတ်ကြိတ်နှင့် နေရာပြိုင်လုနေကြသည် ကို အမေနှစ်ယောက်က ဆက်ကြည့်မနေနိုင်တော့ဘဲ ...

သားကလည်း ကွယ်၊ ယောကျ်ားလေးဆိုတာ ရှေ့ဆုံးမှာ မထိုင်ရဘူး

လေ"

ဟု ဆန်းကြယ်မေမေ မေမိုးကြယ်က ပြောလိုက်

လျှင် သက်ထင်ညို မေမေ မေနုညိုက မျက်စောင်းကလေးချီလျက် ...

"အို .... မိုးကြယ်ကလည်း ယောက်ျားလေး ရှေ့တန်းမှာ မထိုင်ရဘူး လို့ ဘယ်သူကမှ အမိန့်ထုတ်ပြန်မထားပါဘူးနော်။ ရှင့်သမီးတောင် ယောက်ျားလေးယောင် ဆောင်ထားသေးတာ"

ဟု ဆတ်ဆတ်ထိမခံ ဝင်ပြောရင် မိုးကြယ်၏ ရင်ဘတ်မှ စိန်လော့ကက်၏ တန်ဖိုးကို မှန်းဆကြည့်မိသေးသည် ။ မိုးကြယ် ဝတ်ထားတာထက် သူမ၏ လော့ကက်က စိန်ပိုဖြူသန့်ကာ အရွယ်အစား ပိုကြီးတာကိုလည်း မိုးကြယ်ကို မြင်စေချင်သေးတာကြောင့် တမင် မမြင်မြင်အောင် ရင်ဘတ်ကို ကုန်းချရင်း လော့ကက်လေးကို တလှုပ်လှုပ် လှုပ်ရှားစေလေသည် ။

မေနုညို၏ စိတ်ထဲမှာ ဘာရှိသည် ဆိုတာကို မိုးကြယ်ကလည်း ကောင်းစွာ သိမြင်ကာ တမင်ပင် မကြည့်မိအောင်နေ၏။

ကလေးနှစ်ယောက် ခုံလုနေကြသော အဖြစ်သည် တော်တော်လေးကြာမြင့်ကာ နောက်ဆုံး ဆရာမက ဝင်ဖျန်ဖြေပေးရင်း သူတို့ နှစ်ယောက်စလုံးကို ရှေ့တန်းမှာ အတူတူ ထိုင်စေတော့မှ ပင်ပြေလည်သွားကြခြင်းဖြစ်သည် ။ ဆန်းကြယ်နှင့် သက်ထင်ညို၏ ပြိုင်ဘက်ဘဝက အဲဒီကနေ စတင်ခဲ့ခြင်းဖြစ်သည် ။

* * *

သူတို့ နှစ်ယောက်၏ ပြိုင်ဘက်ဘဝက အရွယ်ကလေးတွေ ကြီးရင့်လာသည် နှင့်အမျှ ပို၍ ပြင်းထန်လာကြသည် ။ အတန်းထဲမှာ စာပြိုင်ဘက်၊ အိမ်မှာ ဆိုလျှင် ဘယ်သူပိုပြီး စာအော် ကျက်နိုင်မလဲဆိုတာ ပြိုင်လျက်၊ နောက်ဆုံး ကျောင်းကားစောင့်ရင်းတောင် လက်ဆစ်ချိုးတာ အသံပိုမြည်မမြည် ပြိုင်တတ်လေသည် ။

ဆန်းကြယ်တို့ ငါးတန်းရောက်တော့ မေမေက BMX စက်ဘီးအသစ်ကလေးတစ်စင်း ဝယ်ပေးလျှင်၊ ထင်ညို့မေမေကလည်း ချက်ချင်းပင် အားကျမခံ BMX စက်ဘီးသစ်တစ်စင်း ထင်ညိုကို ဝယ်ပေးလေရာ သူတို့ နှစ်ယောက် စဘီးစီးပြိုင်ဖို့ ဖြစ် လာလေသည် ။

ဆန်းကြယ်သည် မိန်းကလေးတွေနှင့် မပေါင်းသင်းဘဲ၊ မိန်းကလေးစိတ်ကို လုံးဝပျောက်ကာ ယောကျ်ားလေးတွေနှင့် ရောနှောကစားတတ်သည် မို့ အားလုံးက ဆန်းကြယ်ကို မိန်းကလေး တစ်ယောက် အဖြစ်ထက်၊ ယောကျ်ားလေးတစ်ယောက် အဖြစ်သာ ထင်နေတတ်ကြသည် ။ ဆန်းကြယ်၏ ပုံစံကလေးမှာ မေမေ ဆင်ပေးသည့်အတိုင်း ယောကျ်ားလေးဆံပင်၊ ခပ်တိုတို ထောင်ထောင်ကလေးနှင့် ရှပ်အင်္ကျီနှင့် ဘောင်းဘီကိုသာ ဝတ်တတ်တော့သည် ။ ကစားတော့လည်း ယောကျ်ားလေးတွေ ကစားနည်းဖြစ်သည့် အရုပ်ပစ်တမ်း၊ ဂေါ်လီပစ်တမ်း၊ ဂျင်ပေါက်တမ်း၊ စွန်လွှတ်တမ်းတို့ သာ ကစားတတ်သည် ။ မိန်းကလေးတွေလို ကြိုးမခုန်တတ်၊ သားရေကွင်း မခုန်တတ်၊ ကုလားမစည်း မနင်းတတ်၊ အိုးပုတ်တွေနှင့် မကစားတတ်ချေ။

အဲဒါကို လုံးဝကြည့်မရသူက သက်ထင်ညို ဖြစ်သည် ။ ထင်ညိုသည် ဆန်းကြယ် ဆိုသော ယောကျ်ားလျာမကလေးကို တစ်စက်ကလေးမှ ကြည့်၍ မရတတ်။ ပို၍ ဆိုးသည် က သူ့ကို အမြဲတမ်း ပြိုင်ဘက်တစ်ယော

က်လို နေရာတကာ စိန်ခေါ်ကာ လိုက်ပြိုင်နေတတ်တာကို ဖြစ်သည် ။ သူ့ကိုမြင်တာနှင့် ဆန်းကြယ်၏ မျက်နှာပေးမှာ အလိုအလျောက်ပင် မခိုးမခန့်မထီတရီ ဖြစ်သွားတတ်ပြီး ...

"ဒါဆို နင်နဲ့ ငါ ပြိုင်မလား"

ဆိုသော စကားလုံးကို အကြိမ်ပေါင်းများ စွာ ထပ်တလဲလဲ တွင် တွင် သုံးတတ်တာကို သူကလည်း နည်းနည်းကလေးမှ မခံချင်ပေ။ ဆန်းကြယ်ကို နည်းနည်းကလေးမှ အကျောမခံ တတ်သောကြောင့် ဆန်းကြယ်က စိန်ခေါ်တိုင်း သူ့ဘက်ကလည်း အလိုလို အရှုံးမပေးစတမ်း ပြိုင်တတ်လာခြင်းဖြစ်သည် ။ ကြာလာတော့ ဆန်းကြယ်နှင့် သက်ထင်ညို ဆိုလျှင် ပြိုင်ဘက်တွေအဖြစ် လူတိုင်းက အလိုလိုသတ်မှတ်ပြီးသား ဖြစ်လာလေသည် ။ သူတို့ နှစ်ယောက်၏ ပြိုင်ဘက်ဘဝသည် အရွယ်ကလေး ရလာသည် နှင့်အမျှ ပို၍ ပီပြင်လာကြသည် ။

သူတို့ နှစ်ယောက်က ခြံချင်းကပ် ဖြစ်သောကြောင့် တစ်ယောက်ကို တစ်ယောက် မမြင်ချင်လည်း အမြဲပဲ မြင်နေရသည် ။ BMX စက်ဘီး ပြိုင်စီးရတာကို ရိုးအီငြီးငွေ့ လာသောအခါ သူတို့ နှစ်ယောက်သား တိုက်ခေါင်မိုးတွေပေါ် ကိုယ်စီတက်ရင်း စွန်လွှတ်ပြိုင်တတ်လာသည် ။ တစ်ယောက်ရဲ့ စွန်ကို တစ်ယောက်က အပြိုင်အဆိုင် လုဖြတ်တတ်ကြသည် ။ တစ်ယောက်ရဲ့ စွန် ပြတ်သွားလျှင် ကျန်တစ်ယောက်က အားရဝမ်းသာ ခုန်ပေါက် လက်ခုပ်တီးရင်း သူတို့ ရဲ့ မုန့်ဖိုးအများ စုမှာ စွန်ဖိုး၊ ကြိုးဖိုးနှင့်သာ ကုန်နေသည် ။ အချိန်အားရတိုင်း သူတို့ ချင်းချိန်း၍ စိန်ခေါ်ကာ စွန်လွှတ်ကြရင်း တစ်ယောက်ရဲ့ စွန်ကို ဖြတ်ဖို့ ကြိုးစားတတ်သည် မှာ အရွယ်တော်တော် ရောက်သည့် အထိပင်။

မှတ်မှတ်ရရ ကိုးတန်းအောင်တဲ့ အထိ သူတို့ စွန်လွှတ်ပြိုင်ကောင်း

ဆဲ ဖြစ်သည် ။

* * *

ဆယ်တန်းရောက်တော့ ဝိုင်းကျူရှင်တွေ အပြိုင်အဆိုင် ယူကြကာ ဂုဏ်ထူး ဘယ်သူပိုပါမလဲ ပြိုင်ကြပြန်သည် ။ တစ်ယောက်ကိုတစ်ယောက် မှန်ပြောင်းကိုယ်စီနှင့် ချောင်းနေကာ စာကျက်ပြိုင်ကြ၏။ မနက်ဆို ဆန်းကြယ်က အစောကြီးထကာ စာကျက်တတ်လျှင် သက်ထင်ညိုက လည်း အိပ်ရာထဲမှ ကမန်းကတန်း ကျုံးတကာ အသံပြဲကြီးနှင့် စာအော်ကျက်တတ်လေသည် ။ ထိုအခါ နှစ်ယောက်သား အသံတွေ ပြာအက်လာတဲ့ အထိ အသံကုန် အော်ဟစ်ခါ စာပြိုင်အော်ကျက်ကြလေသည် ။

အမေတွေကလည်း ဆယ်တန်းမှာ ဂုဏ်ထူးတွေပါလျှင် ကားဝယ်ပေးမည်ဟု မက်လုံးတွေ ပေးထားကြသည် ဖြစ်ရာ သူတို့ အပြိုင်အဆိုင် ကြိုးစားခဲ့ကြလေသည် ။

တကယ်တမ်း စာမေးပွဲအောင်ချိန်မှာ ထင်ညိုက ဂုဏ်ထူးနှစ်ခုပါပြီး၊ ဆန်းကြယ်က ဂုဏ်ထူးတစ်ခုပဲ ပါလေရာ ထင်ညိုမှာ ဝမ်းသာအားရ ဖြစ်မဆုံးချေ။ ဆန်းကြယ်ကိုလည်း အထက်စီးနင်း လေသံနှင့် နှိမ်ချ၍ မဆုံးတော့ချေ။

"တွေ့လား ငါ ပြောပါတယ်။ မတူရင် မတုနဲ့ ဆိုတာ၊ ယောကျ်ားဉာဏ်နဲ့ မိန်းမဉာဏ် ဘယ်ယှဉ်လို့ ရနိုင်ပါ့မလဲ"

ဟု ဆန်းကြယ် မခံချင်အောင် ပြောလျှင် ဆန်းကြယ်သည် အံကလေးကြိတ်ကာ ...

"ထင်ညို ... နင် လူပါးမဝနဲ့ နော်။ အမှတ်ထွက်လာရင် ကြည့်လိုက်ဦး။ ငါ့အမှတ်တွေက ဂုဏ်ထူးနဲ့ ကပ်နေတာမျိုး ဖြစ်နေမှာ ။ နင့်ဂုဏ်ထူးမှတ်က (၇၅)နဲ့ ကပ်ပါတာဖြစ်ချင် ဖြစ်မှာ ။ သိပ်မြှောက်ကြွမနေနဲ့ ။ ပြီးတော့ ယောကျ်ားတွေ၊ မိန်းမတွေ ခွဲခြားမနေနဲ့ ။ နင်နဲ့ ငါ အတူတူပဲ"

ဟု ဗွတ်ပြောလေသည် ။

ထင်ညိုက ဆန်းကြယ် ဆွေ့ဆွေ့ခုန်စေလောက်သော မျက်ခုံးပင့် လှောင်ရယ်သော မထီတရီ ရုပ်ကလေးနှင့်မျက်ခုံးကိုပင့်ကာ ...

"ဘာတူတာလဲ၊ ဘာတူတာလဲ၊ ဘယ်နေရာမှာ မှ မတူဘူး၊ လုပ်မနေနဲ့ ။ နင့်ဘာသာနင် ဘယ်လိုပဲ ယောကျ်ားယောင် ဆောင်ထားထား မိန်းမက မိန်းမပဲ။ ငါနဲ့ ဘယ်လိုပဲ လိုက်ယှဉ်ယှဉ် နင် ဘယ်တော့မှ ငါ့ရဲ့ ပြိုင်ဘက် မဖြစ်နိုင်ဘူး။ ယောကျ်ားဆိုတာ အမြဲနိုင်တယ်"

ဟု အထက်စီးနင်းနှင့် အနိုင်ပိုင်းကာ ဆိုလျှင် ဆန်းကြယ်သည် သွက်သွက်ခါအောင် စိတ်ဆိုးတုန်လှုပ်စွာ ခါးသီးသွားလေသည် ။

"အောင်မယ် ... ဘာဖြစ်လို့ ငါက နင့်ပြိုင်ဘက် မဖြစ်နိုင်ရမှာ လဲ။ နင်က ဘာကိစ္စ အမြဲနိုင်ရမှာ လဲ။ စောင့်ကြည့်လိုက်စမ်းပါ သက်ထင်ညိုရယ် နင်နဲ့ ငါဟာ အမြဲတမ်း ပြိုင်ဘက်ပဲ။ နောက်တစ်ခါ နင် ငါ့ကို မိန်းမဆိုပြီး ခွဲခြားနှိမ်ချပြီး ပြောရဲပြောကြည့်။ နင့်ကို ငါ ဆွဲထိုးပစ်မယ်"

ဟု ဒေါသတကြီး ဆိုလေသည် ။

"အောင်မယ် .... ထိုးရဲ ထိုးကြည့်စမ်းကွာ။ ငါကလည်း မိန်းမသော ဘာသော ညှာမှာ မဟုတ်ဘူး နော်။ ပြန်ထိုးမှာ "

ဟု ထင်ညိုကဆိုလျှင် ဆန်းကြယ်သည် စိန်ခေါ်လာလျှင် ဘယ်လိုမှ ငြိမ်မခံတတ်သော ထုံးစံအတိုင်း၊ သူ့မျက်နှာဆီသို့ လက်သီးတစ်လုံး တ

ည့်တည့်မတ်မတ် ပစ်သွင်းလိုက်သည် ။ ဆန်းကြယ် တကယ်ထိုးလိမ့်မည်ဟု သူ ထင်မထားသောကြောင့်သူ အငိုက်မိသွားပါသည် ။ ထင်ညိုသည် အသားနာသွားသောကြောင့် ဆတ်ဆတ်ခါသွားကာ ဆန်းကြယ်ကို လက်သီးဖြင့် ပြန်ထိုးဖို့ ရွယ်လိုက်ပြီးမှ ...

"တောက် ... ငါကွာ၊ နင် မိန်းကလေးမို့ ငါ ဒီတစ်ကြိမ် ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆိုလျှင် မလွယ်ဘူး"

ဟု ကြိမ်းဝါးလျက် ချာခနဲ လှည့်ထွက်သွားလေသည် ။

"ဟေ့ ... ငါ မိန်းကလေး မဟုတ်ဘူး ။ ငါ့ကို ယောက်ျားလေးလိုပဲ သဘောထားလို့ ရတယ် ထင်ညို။ နင် သတ္တိရှိရင် လာလေ၊ ငါနဲ့ ပြိုင်ချမလား"

ဆန်းကြယ်က သူ့နောက်မှ ခပ်သွက်သွက် ပြေးလိုက်သွားရင်း သူ့ကို မခံချိမခံသာဖြစ်အောင် စိန်ခေါ်လျက်ရှိသည် ။

ထင်ညိုသည် ဆန်းကြယ်ကြောင့် အသည်းယားလာသည် ။ ယောက်ျားချင်း ဆိုလျှင်တော့ အခုလောက်ဆို လက်သီးထိုးပွဲ ဖြစ်နေလောက်ပြီ။ အခုတော့ သူမက မိန်းကလေး ဖြစ်နေတယ် ဆိုတာကို အလိုလို လက်ခံထားသောကြောင့် မိန်းကလေးတစ်ယောက်ကို လက်သီးနှင့် ထိုးရလောက်အောင် သူ့နှလုံးသားက မကြမ်းရိုင်းနိုင်ပေ။

"ဆန်းကြယ် ... နင် သွားတော့။ နင်နဲ့ ငါ ပြိုင်မထိုးချင်ဘူး"

ဟု ခပ်ဆတ်ဆတ် ပြော လိုက်လေသည် ။

"ဟား ဟား ... ဘာလဲ ကြောက်လို့ လား။ ကြောက်ရင် ကြောက်တယ် ပြောစမ်းပါ သက်ထင်ညိုရယ်။ သူရဲဘောကြောင်ရင် ကြောင်တယ်ပေါ့။ ဘာလဲ ... မိန်းကလေးမို့လေး ဘာလေးနဲ့ လျှောက်ပြောနေတယ်။

နင် ငါ့ကိုကြောက်တယ်ဆိုရင်လည်း ပြီးရောပေါ့"

ဆန်းကြွယ်က တမင်ရန်စလျက် ရှိသည် ။ သက်ထင်ညိုသည် မခံချိမခံသာ ဖြစ်လာကာ ဆန်းကြွယ်ကို မျက်နှာချင်း ဆိုင်လိုက်သည် ။ ပြီးတော့ သရော်ပြုံးကလေးတစ်ခု နှုတ်ခမ်းပေါ်သို့ တင်လိုက်ကာ ...

"နင့်ကိုယ်နင် ဘာမှတ်နေသလဲ ဆန်းကြွယ်။ ယောက်ျားလေးလိုဝတ်ပြီး ယောက်ျားလျာ လုပ်နေတာနဲ့ ပဲ တကယ်ယောက်ျားဖြစ်သွားပြီလို့ နင် ထင်နေသလား။ ငါ့ကို ပြိုင်ဘက် တစ်ယောက်လို သဘောထားပြီး နေရာတကာ လိုက်ပြိုင်လို့ ရမယ်လို့ နင် တကယ်ထင်နေသလား။ ဘယ်နေရာမဆို အတုက အတုပွဲ ဆန်းကြွယ်။ အစစ်ကိုတော့ ဘယ်တော့မှ မီအောင် မတုပနိုင်ဘူး။ နင် ဘယ်လိုပဲ ယောက်ျားလေးအယောင်ဆောင်ထားပေမဲ့ ငါတို့ ယောက်ျားလေးတွေ လုပ်သမျှ အလုပ်တိုင်း နင် တကယ် လိုက်မလုပ်နိုင်ဘူး ဆိုတာကို ဝန်ခံလိုက်။ ငါ စိန်ခေါ်လိုက်ရင် နင် မျက်ရည်အတောင့်လိုက် ကျသွားမယ်"

ထင်ညို့ မျက်နှာပေါ်မှာ ဆန်းကြွယ်ပေါ် အထင်သေး လှောင့်တွက်လျက်ရှိသော အရိပ်များကို မြင်ရလျှင် ဆန်းကြွယ်သည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်မိလေသည် ။

"ငါက ဘာဖြစ်လို့ မလုပ်နိုင်ရမှာ လဲ။ နင်လုပ်နိုင်သမျှငါ လုပ်နိုင်တယ် .... ကဲ"

ဟု လုံးဝအရှုံးမပေးဘဲ ပြော လိုက်လေသည် ။

ထင်ညိုက လှောင်ပြုံးကလေးကို ပီပီသသ မထိတရိပြုံးလိုက်ကာ ...

"ငါပြောလိုက်ရင် မကောင်းဘူး ဆန်းကြွယ်။ နင် နေရာတကာ ငါ့ကို ပြိုင်ဘက်လို သဘောထားမနေနဲ့ ။ ငါတို့ ယောက်ျားလေးတွေက လမ်း

ဘေးမှာ လည်း ရှုရှုပန်းလို့ ရတယ်၊ နင် ငါ့လို လိုက်ပန်းနိုင်သလား"

ဟု ခပ်ထေ့ထေ့ ပြောလိုက်လျှင် ဆန်းကြယ်သည် ဆွေဆွေ့ခုန်သွားကာ ...

"သက်ထင်ညို .... နင် မယုတ်မာနဲ့ ။ လူပီသစမ်း"

ဟု မျက်စိမှိတ်ကာ ကျုံးအော်လေသည် ။

သက်ထင်ညိုက သဘောကျစွာ တဟားဟား အော်ရယ်လေသည် ။

"ထားပါတော့၊ အဲဒါက ဥပမာအဖြစ် ပြောတာပါ။ တခြား နင်လိုက်မလုပ်နိုင်တာတွေ အများကြီး။ ဥပမာတစ်ခု ထပ်ပြောမယ်။ ငါက ငါကြိုက်တဲ့ မိန်းကလေးတစ်ယောက် ငါ့ကို ပြန်ချစ်လာအောင် လိုက်လို့ ရတယ်။ ပိုးလို့ ရတယ်။ နင်က ဘယ်သူ့ကို ကြိုက်မှာ လဲ။ မိန်းမကို ကြိုက်မှာလား၊ ယောကျ်ားကို ကြိုက်မှာ လား၊ ဒါလေးပဲပြော"

ဟု ဆိုလိုက်လျှင် ဆန်းကြယ်သည် အရှိုက်ထိသွားသလို ခါးခါးသီးသီး ဖြစ်သွားလေသည် ။

"သက်ထင်ညို ... နင် ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးနေတယ်ပေါ့လေ။ နင်ကြိုက်တဲ့ မိန်းမတစ်ယောက်ကို နင် လိုက်စမ်း။ ငါ နင်နဲ့ အပြိုင် လိုက်ပြမယ်။ နင်မရစေရဘူး။ နေရာတကာမှာ နင့်ကိုယ်နင် သိပ်အပိုင်မတွက်နဲ့ သက်ထင်ညို သိလား"

ဆန်းကြယ် စကားကြောင့် သက်ထင်ညိုက သရော်မော်ကားဖြင့် အားပါးတရ အော်ရယ်လေသည် ။ သူ အဲဒီလိုရယ်လေ ဆန်းကြယ်က မခံချင်လေပဲ ဖြစ်သည် ။

"နင်... တကယ်စိန်ခေါ်ရဲသလား ဆန်းကြယ်၊ မိန်းကလေးတစ်ယောက်ကို ငါနဲ့ အပြိုင် တကယ်လိုက်ရဲသလား"

ထင်ညိုက မျက်ခုံးတွေကို ပင့်ထားကာ မျက်လုံးတောက်တောက်တွေဖြင့် လှမ်းမေးသောအခါ ဆန်းကြယ်က တကယ်ပင် ခေါင်းညိတ်ပြလိုက်လေသည် ။

"စိန်လိုက်၊ နင်နဲ့ ငါဟာ အမြဲတမ်း ပြိုင်ဘက်ပဲ ဖြစ်ရမယ်"

"အေး .... နင့်စကားကို မမေ့နဲ့ ။ တစ်နေ့နေ့မှာ ငါကြိုက်တဲ့ ကောင်မလေးကိုတွေ့ရင် ပြောမယ်"

ဟု ထင်ညိုက လှောင်ပြုံးကလေးဖြင့် ခပ်သဲ့သဲ့ပြုံးကာ ပြောလေသည် ။ သူတို့ နှစ်ယောက်သည် ထုံးစံအတိုင်း စိန်ခေါ်ဖြစ်ကြပြန်လေပြီ။ အဲဒီလိုနှင့် ပြိုင်ပွဲလေးတစ်ပွဲ အမှတ်မထင်

ပေါ်ပေါက်ဖို့ ဖြစ်လာခဲ့သည် ။ အဲဒီပြိုင်ပွဲကလေးက ဆန်းကြယ်၏ ဘဝကို တစ်ချိန်ချိန်မှာ ပြောင်းလဲသွားစေလိမ့်မည်ဟု အဲဒီအချိန်တုန်းက ဆန်းကြယ် ဘယ်လိုမှ ကြိုမမြင်နိုင်ခဲ့ပေ။

* * *

တက္ကသိုလ်တက်တော့ ဆန်းကြယ်၏ မေမေက မိုးပြာရောင် ဖော့စ်ဝဂ်ဂွန် ကားကလေး တစ်စီး ဝယ်ပေးသလို၊ ထင်ညို့မေမေကလည်း ထင်ညို့ကို အမိုးပွင့်ဂျစ်ကား ငွေမင်ရောင်ကလေး ဝယ်ပေးခဲ့သည် ။ သက်ထင်ညိုနှင့် ဆန်းကြယ်တို့ ကားချင်း ပြိုင်မောင်းကြပြန်သည် ။ မတွေ့လိုက်နှင့် တွေ့လိုက်တာနှင့် သူတို့ ကားချင်းပြိုင်မောင်းနှင်ပြီး ဖြစ်သည် ။ အဲဒါကို တကူးတက စိန်ခေါ်နေစရာမလို။ ကားချင်း ပြိုင်အမောင်းကောင်း၍ ယာဉ်ထိန်းရဲ ဖမ်းတာကိုလည်း မကြာခဏ ခံကြရသည် ။ လိုင်စင်

သိမ်း ခံရတာကိုလည်း အကြိမ်ကြိမ်ပင်။ သို့ သော် ... သူတို့ နှစ်ယောက်ကတော့ မလျှော့ချေ။

ဆန်းကြွယ်ကို ဆန်းကြွယ် ကိုယ်တိုင် ဖွင့်ဝန်မခံလျှင် ဘယ်သူကမှ မိန်းကလေးဟု မထင်ကြပေ။ တက္ကသိုလ်တက်တော့လည်း ဆန်းကြွယ်က ယောကျ်ားလေးလိုပင် ဝတ်မြဲဝတ်ကာ ယောကျ်ားလေးတွေနှင့်သာ ပေါင်းလေသည် ။ ဆန်းကြွယ်၏ လျှို့ဝှက်ချက်ကို သက်ထင်ညိုကလည်း တမင်တကာပင် ထုတ်မဖော်သေးဘဲ အရှိန်နှင့် လွှတ်ပေးထားလိုက်သည် ။ တစ်ချိန်ချိန်ကျမှ ပိုင်ပိုင်နိုင်နိုင်ကြီး အလဲထိုးကာ ဆန်းကြွယ်ကို အရှက်ရစေဖို့ ရည်ရွယ်ထားသောကြောင့် ဖြစ်သည် ။

တက္ကသိုလ်မှာ ဆန်းကြွယ်ကို အရပ်မြင့်မြင့် သွယ်လျလျနှင့် မိန်းမချောချောသော ကောင်လေးချောချောအဖြစ် မိန်းကလေးတွေက သဘောကျကြလေသည် ။ ဘယ်သူကမှ မိန်းကလေးတစ်ယောက်ဟု မရိပ်မိကြချေ။ ဆန်းကြွယ် ပုံစံကလည်း ယောကျ်ားလေးတစ်ယောက်လို ခေါက်ရိုးကျိုးစွာ နေသားတကျ ရှိနေခဲ့ပြီ။ တကူးတက တမင်တကာ လုပ်ယူနေရတာမျိုး မဟုတ်ဘဲ ငယ်ငယ်ကလေးတည်းက ယောကျ်ားလေးလိုပဲ နေလာခဲ့တာမို့ အသားကျနေတာမျိုး ဖြစ်သည် ။ ပြီးတော့ ဆန်းကြွယ်၏ ကိုယ်ခန္ဓာကလည်း မိန်းကလေးတစ်ယောက်ရဲ့ အလှတွေက သိပ်မသိသာ မထင်ရှားလှပေ။ မထင်ရှားအောင်လည်း ဆန်းကြွယ်က အတွင်းကနေ ခပ်တင်းတင်း စည်းနှောင်ထားတတ်ခြင်းဖြစ်သည် ။

ဆန်းကြွယ်ကို ယောကျ်ားလေးတစ်ယောက်လိုပင် နေတတ်အောင် မေမေကိုယ်တိုင်ကပင် အားပေးအားမြှောက်ရှိလှသောကြောင့်၊ ပြီးတော့ ဆန်းကြွယ်ကိုယ်တိုင်ကလည်း ထိုအဖြစ်ကို သာယာလှသောကြောင့်၊

နောက်တစ်ချက်မှာ သက်ထင်ညိုကို အရှုံးမပေးချင်သောကြောင့် ယောကျ်ားလေးလို နေထိုင်ပြုမူနေခြင်းလည်း ဖြစ်လေသည် ။

သက်ထင်ညိုကလည်း မိန်းကလေးဆိုလျှင် ယောကျ်ားထက် တစ်ဆင့်တော့ နိမ့်ကျသလို ခပ်နှိမ်နှိမ်ကလေး ဆက်ဆံတတ်တာကို တယ်ပြီး မခံချင်လှ။ ထို့ကြောင့် တစ်ခါတလေမှာ ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုသော အဖြစ်ကိုပင် မေ့လျော့နေတတ်လေသည် ။

မေမေကိုယ်တိုင်ဖြစ်စေ ဒါမှ မဟုတ် ဆန်းကြယ်ကိုယ်တိုင် ဝယ်သမျှ အတ်အစား အသုံးအဆောင်တိုင်းကလည်း ယောကျ်ားလေး အဝတ်အစား အသုံးအဆောင်တွေသာ ဖြစ်နေ တတ်သည် ။ ထင်ညိုကတော့ ဆန်းကြယ်ကိုမြင်တိုင်း လှောင်ပြုံးကလေးနှင့် ခပ်ထေ့ထေ့ ကြည့်တတ်မြဲ။ အဲဒါကိုလည်း ဆန်းကြယ်က မခံချင်မြဲ။ ဆန်းကြယ်တို့ နှစ်ယောက်ကြားတွင် ပြိုင်ဘက်သော ဘဝသည် ပြောင်းလဲသွားသည် ရယ်လို့ မရှိ။ ထင်ညိုကစ,မပြိုင်တောင် ဆန်းကြယ်က တမင်တကာ လိုက်စိန်ခေါ်၍ ပြိုင်နေခြင်းဖြစ်သည် ။

တစ်နေ့မှာ တော့ ထိုဇာတ်လမ်းကို ထင်ညို ကိုယ်တိုင်ကပင် စတင်လာခဲ့ခြင်း ဖြစ်သည် ။ ဆန်းကြယ်ကို ပြုံးစစနှင့်ရှိသူမဲ့ကြည့်ကာ ...

"ဆန်းကြယ် ... နှင့်စကားကို နင် မှတ်မိသေးလား။ ငါကြိုက်တဲ့ မိန်းကလေးတစ်ယောက် ရှိလာခဲ့ရင် ငါနဲ့ အပြိုင်နင် လိုက်မယ်ဆိုတာလေ။ အေး... နင့်ကို အဲဒါ ငါလာပြောတာ။ ငါကြိုက်တဲ့ မိန်းကလေးတစ်ယောက် ရှိနေပြီ။ ဘယ်လိုလဲ။ နင် ငါနဲ့ အပြိုင် လိုက်ဦးမလို့ လား"

ဟု ထင်ညိုက ပြောစဉ် ဆန်းကြယ် စိတ်ထဲမှာ ချက်ချင်းပင် တက်တက်ကြွကြွ ဖြစ်သွားလေသည် ။

"အိုး ... သိပ်လိုက်တာပေါ့။ ဘယ်သူလဲ"

ဟု မေးလိုက်လျှင် ...

"နင့်ဘာသာ စုံစမ်း"

ဟု ဆိုကာ လှည့်ထွက်သွားလေသည် ။

ဆန်းကြွယ်သည် စိတ်ဝင်စားလှသောကြောင့် ထိုနေ့မှ စပြီး ထင်ညို သွားသမျှ နေရာသို့ တကောက်ကောက် လိုက်ကာ ထင်ညို စိတ်ဝင်စား နေတာ ဘယ်မိန်းကလေးလဲဟု စုံစမ်းရသည် ။ မကြာခင်မှာ ပင် အဖြေ ကို ရှာတွေ့ခဲ့ပါသည် ။ ထင်ညို စိတ်ဝင်စားသော မိန်းကလေးမှာ E မေဂျာမှ Queen အဖြစ် သတ်မှတ်ထားသော အလှဘုရင်မကလေး ဖြစ် သည် ။ ရှည်လျားသောဆံပင်၊ လှပကျစ်လျစ်သော ကိုယ်ခန္ဓာကလေးနှင့် မြန်မာအင်္ကျီ ရင်စေ့လက်ပြတ်ကလေးများ နှင့် ထဘီရှည်ရှည်ဝတ်တတ် သော ဣန္ဒြေကြီးလှသည့် မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့သည် ။ သူ မ၏ ပို၍ ကျော်ကြားသော အချက်မှာ ဘယ်ယောကျ်ားကလေးမှ လိုက် ၍ မရခြင်းဖြစ်သည် ။ သူမကို မြင်လိုက်ရစဉ် ခဏမှာ သိပ်လှပါလားဟူ သော အသိစိတ်နှင့်အတူ သူမကို သက်ထင်ညို တကယ် ပိုင်ဆိုင်သွားမှာ ကိုလည်း မလိုလားသောစိတ်က တစ်ပြိုင်နက်တည်းမှာ ယှဉ်တွဲလျက် ပေါ်ပေါက် လာလေသည် ။

သူမ၏ နာမည်ကလေးက "လေပြေနုသွေး"ဟု သိရကာ သိပ်ကို မိန်း မပီသ ဣန္ဒြေ ရလှကြောင်း ကျော်ကြားလှလေသည် ။ သူမကို ကြိုက်ကြ သူတွေ ဝိုင်းဝိုင်းလည်လျက် ရှိသည့်အထဲမှာ သက်ထင်ညိုက ရှေ့ဆုံးကဖြစ်သည် ။ သူမရှိရာ အတန်းရှေ့မှာ လူတွေ အမြဲတမ်း စည် ကားလျက် သူမ၏ အလှကို လာရောက်ငေးမောသူတွေ များ လှသည် ။ သူမကို သက်ထင်ညို စိတ်ဝင်စားသော မိန်းကလေးအဖြစ် သိရပြီးချိန် တွင် ဆန်းကြွယ်ကလည်း သူမကို သက်ထင်ညိုနှင့် အပြိုင်လိုက်ယူဖို့ စ

တင်ကြိုးစားမိတော့တာ ဖြစ်သည် ။

ဆန်းကြယ်က အများ သူငါလို သူမကို အခန်းဝမှာ ရပ်ကြည့်ရုံလောက်သာ ရောင့်ရဲသူ မဟုတ်။ အတန်းထဲသို့ ဖျတ်ခနဲဝင်ကာ သူမ၏ နံဘေးမှာ ဝင်ထိုင်လိုက်ရင်း ...

"ကိုယ့်နာမည် ဆန်းကြယ်ပါ။ နုသွေးဘေးမှာ အန္တရာယ်တွေ များလှချည်လား။ ကိုယ် နုသွေး အနားမှာ နေပေးပါရစေ"

ဟု အပြုံးကလေးနှင့် ခပ်တိုးတိုး ပြောလိုက်လျှင် သူ့ အသံကို ကြားတာနှင့် နုသွေးက ဖျတ်ခနဲ မော့ကြည့်လေသည် ။ ပြီးတော့ မျက်လုံးမှာ ဇဝေဇဝါ အရိပ်ကလေးကို တွေ့ရသည် ။ ဒါက ဆန်းကြယ်နှင့် ပတ်သက်လျှင် လူတိုင်းဖြစ်နေကျ ဇဝေဇဝါ ခံစားချက်မျိုး ဖြစ်သည် ။ ဆန်းကြယ်၏ အသံက မိန်းကလေးတစ်ယောက်လိုပင် ချိုသာကြည်မြနေသောကြောင့်ဖြစ်သည် ။

"ဘယ်လိုဖြစ်နေတာလဲ၊ လာပြီးတော့ မနှောင့်ယှက်နဲ့ နော်"

ဟု သူမက ခပ်ဆတ်ဆတ် လေသံဖြင့် ပြောကာ တစ်ဖက်သို့ တိုးရွှေ့သွားလေသည် ။ လေပြေနုသွေးသည် ဣန္ဒြေကြီးမားလှပြီး ဘယ်ယောက်ျားလေးမှ လိုက်၍ မရကြောင်းလည်း နာမည်ကြီးလျက်ရှိသည် ဖြစ်ရာ ဒါကြောင့် သက်ထင်ညို ပို၍ စိတ်ဝင်စားတာဟု ဆန်းကြယ်က သိမြင်လေသည် ။

အခုလည်း အတန်းရှေ့ ကော်ရစ်တာတွင် အများ သူငါတွေလိုပင် ရပ်လျက် နုသွေး၏ ဣန္ဒြေကြီးလှသော မျက်နှာလှလှကလေးကို ကြည့်နေသော ထင်ညို့ဆီ ဆန်းကြယ်က တစ်ချက် လှမ်းကြည့်ကာ မထီတရီ ဟန်ကလေးဖြင့် ပခုံးတွန့်ပြလိုက်သည် ။

"ဖယ်ပေး၊ ကျွန်မ အပြင်ထွက်မလို့ "

ဟု နုသွေးက လေသံတင်းတင်းဖြင့် ပြောလျှင် ဆန်းကြယ်က အလွယ်တကူပင် ဖယ်ပေးလိုက်ကာ နုသွေးထွက်သွားသော လမ်းနောက်မှ အသာကပ်လိုက်ခဲ့ပေသည် ။ နုသွေး လျှောက်သွားသော လမ်းတစ်လျှောက်တွင် နုသွေးနှင့် ခပ်လှမ်းလှမ်းမှ လိုက်လာသူတွေ တော်တော်များ ၏။ တချို့က အရဲစွန့်ကာ စာလာပေးသူပေး၊ ပန်းစည်းလာပေးသူနှင့် ပေးကြလျှင်

နုသွေးက မျက်နှာထားတင်းတင်းကလေးဖြင့်ပင် ဆတ်ခနဲဆွဲယူကလွှင့်ပစ်ခဲ့လေသည် ။ နုသွေး၏ မျက်နှာထားမှာ ဣန္ဒြေကြီးလှပြီး တင်းမာသည့်ဘက်သို့တောင် သန်းချင်သဖြင့် တော်ရုံ ယောကျ်ားလေးက ဆက်မလိုက်ရဲကြပဲ တချို့လည်း ခပ်လှမ်းလှမ်းမှာ နေရစ်ခဲ့ကြသည် ။

ဇွဲကောင်းစွာ လိုက်ပါလာသူတွေကတော့ဆန်းကြယ်၊ ထင်ညိုနှင့် နောက်ထပ် ကောင်လေးတစ်ယောက်ဖြစ်သည် ။ ထိုကောင်လေးက အရဲစွန့်ကာ နုသွေး၏ ရှေ့မှာ ပိတ်ရပ်လျက် လက်နှစ်ဖက်ဖြင့် ကာထားကာ ...

"နုသွေးရယ် ... ခဏလေး နားထောင်ပေးပါ။ ကျွန်တော့်ရင်ထဲမှာ နုသွေးအတွက် ခံစားရတာတွေ သိပ်ပြည့်လျှံနေလို့ ပါ။ ကျွန်တော့်ရင်နဲ့ မဆံ့တော့လို့ ရင်ဖွင့်ပါရစေ။ နုသွေးကို ကျွန်တော် သိပ်ချစ်နေတယ်။ ချစ်လွန်းလို့ ရူးတော့မယ်။ နုသွေးကို စိတ်လည်း မချဘူး။ သူများ လက်ထဲပါသွားမှာ လည်း အရမ်းစိုးရိမ်တယ်၊ ကျွန်တော့်ကို စဉ်းစားပေးပါ နုသွေးရယ်။ ကျွန်တော် တကယ်ချစ်တာပါ"

ဟု ဇွတ်ပြောနေလေရာ နုသွေးသည် နှုတ်ခမ်းကလေးကို တစ်ချက်ကိုက်ကာ ...

"ကဲ ... ချက်ချင်း ကျွန်မ စဉ်းစားပြီးပြီ။ ရှင့်ကို လုံးဝစိတ်မဝင်စားဘူး ၊ ရှင်းပြီလား။ ရှင် ရှေ့ကဖယ်နော်။ ဆက်မလိုက်နဲ့ "

ဟု လေသံမာမာဖြင့် ပြောလေသည် ။

ထိုကောင်လေး၏ မျက်နှာမှာ နီမြန်းပျက်ယွင်းသွားကာ...

"ဘာဖြစ်လို့ လဲ နုသွေးရယ်။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ လဲ"

ဟု ဇွတ် အမူပိုနေသေးသည် ။

ဆန်းကြယ်ပင် စိတ်မရှည်ချင်တော့။ ပြဿနာ မဖြစ်ချင်သောကြောင့်သာ အသာ ငြိမ်နေရခြင်း ဖြစ်သည် ။ ပြီးတော့ ... သူမဆီ ချဉ်းကပ်လာသမျှ သကောင့်သားတွေကို နုသွေး ဘယ်လိုတုံ့ပြန်မလဲ ဆိုတာကိုပါ သိချင်သောကြောင့် အသာစောင့်ကြည့်နေခြင်းလည်း ဖြစ်လေသည် ။

"ရှင့်မှာ အပြစ်သိပ်ရှိတာပေါ့။ အခု ကျွန်မ အရမ်းစိတ်ဆိုးအောင် ရှင်လိုက်နှောင့်ယှက် နေတာက ရှင့်ရဲ့ အပြစ်ပဲ။ ရှင် ကျွန်မကို စိတ်မဆိုးစေချင်ရင် အခုချက်ချင်း ကျွန်မရှေ့ကဖယ်"

ဟု ခပ်ဆတ်ဆတ် အော်လေသည် ။

"နုသွေးရယ် ... ခင်ဗျား တကယ်ရက်စက်တယ်"

ကောင်လေးက ပြောပြီး နုသွေးကို လမ်းဖယ်ပေးကာ အရှုံးသမားတစ်ယောက်လို ခေါင်းငိုက်စိုက်ချလျက် ကျန်ရစ်ခဲ့သည် ။ နုသွေးဘေးမှာ ဖွဲ့မလျှော့ဘဲ ဆက်လိုက်လာသူ ဟူ၍ ဆန်းကြယ်နှင့် ထင်ညိုပဲ ရှိတော့သည် ။ နုသွေး၏ မျက်ခုံးကလေးမှာ စိတ်မရှည်နိုင်သလို တွန့်ချိုးလျက်ရှိသည် ။ ထုံးစံအတိုင်း နုသွေးနောက်ကို အရှုံးမပေးစတမ်းလိုက်ဖို့ ဆန်းကြယ်နှင့် ထင်ညို ၏ ပြိုင်ပွဲက စတင်လေသည် ။

"နေပါဦး ... ရှင်တို့ က ကျွန်မနောက် ဘာဖြစ်လို့ တကောက်ကောက် လျှောက်လိုက် နေရတာလဲ။ ရှင်တို့ လည်း သွားကြတော့"

ဟု နုသွေးက ခပ်ငေါက်ငေါက်ကလေး အော်လျှင် နှစ်ယောက်သား မသိသလိုလုပ်ကာ အူကြောင်ကြောင် လုပ်နေကြသည် ။ နုသွေး လမ်းဆက်လျှောက်လျှင် သူတို့ လည်း ဆက်လျှောက်ကာ နုသွေးက ဖျတ်ခနဲ ရပ်ပြီး သူတို့ ဆီ မျက်နှာထားတင်းတင်းနှင့် ဆတ်ခနဲ လှည့်ကြည့်လျှင် သူတို့ နှစ်ယောက်ကလည်း ဟိုကြည့် .... ဒီကြည့်နှင့် နုသွေး၏ မျက်ဝန်းတွေကို ရှောင်ဖယ်လေသည် ။

ခဏကြာတော့ နုသွေးက စိတ်မရှည်နိုင်တော့သလို မိန်းကလေးအိမ်သာခန်းထဲသို့ ဖျတ်ခနဲ ဝင်သွားလေသည် ။ ထင်ညိုနှင့် ဆန်းကြယ်တို့ ခြေလှမ်းတွေ ရုတ်တရက် ရပ်တန့်သွားတော့သည် ။ ဆန်းကြယ်က ထင်ညို့ကို မျက်ခုံးကလေးပင့်လျက် မချိုမချဉ်ကလေးပြုံးကာ ဘာတတ်နိုင်သေးသလဲဟူသော အမူအရာမျိုး လုပ်ပြခဲ့ပြီး နုသွေး ဝင်သွားသော အိမ်သာခန်းကလေးထဲသို့ လိုက်ဝင်ခဲ့လေသည် ။ သူ့ကိုမြင်တော့ နုသွေးက မျက်လုံးကလေးတွေ ဝိုင်းသွားကာ တအံ့တဩဖြင့် ...

"ဟင် ... ရှင် အတင့်ရဲလှချည်လား။ ဒီထဲအထိ လိုက်ဝင်လာရသလား။ သွား... အခုထွက်။ ကျွန်မ မော်ကွန်းထိန်းနဲ့ ကို တိုင်မှာ နော်"

ဟု အော်လေသည် ။

ဆန်းကြယ်သည် နုသွေး နားမှာ အနီးကပ်စွာ နေခွင့်ရဖို့ ၊ နုသွေးကို သက်ထင်ညို ပိုင်ဆိုင်ခွင့် မရအောင် တားဆီးနိုင်ဖို့ ၊ ဘယ်လိုလက်နက်ကို ကိုင်တွယ်သုံးစွဲရမလဲ ဆိုတာကို ထိုခဏမှာ ပင် အဖြေရသွားလေသည် ။

"ကိုယ်က ယောကျာ်းလေးအစစ်မှ မဟုတ်ဘဲ နုသွေးရဲ့ ။

ကိုယ်လည်း နုသွေးလိုပဲ မိန်းကလေးပဲဥစ္စာ။ ဒီအိမ်သာမဝင်လို့ ဘယ်အိမ်သာ သွားဝင်ရမှာ လဲ။ နုသွေးက ကိုယ့်ကို ယောကျ်ားလေး အစစ်လို့ ထင်နေလို့ လား။ အင်းပေါ့လေ ... တစ်ကျောင်းလုံးက လူတွေတောင် ကိုယ်ကိုယ်တိုင် ဝန်မခံရင် ယောကျ်ားလေးလို့ ပဲ ထင်နေကြတာ။ ဒါပေမဲ့ အချို့လည်း ကိုယ့်ကို ယောကျ်ားလေးလို နေတတ်တဲ့ မိန်းကလေးမှန်း သိကြပါတယ်"

ဟု ရိုးသားချင်ယောင်ဆောင်ကာ ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံလိုက်လျှင် နုသွေးသည် မယုံနိုင်သလိုကလေးဖြင့် နှုတ်ခမ်းကလေးဟကာ ..."ဘုရားရေ"ဟု ညည်းလေသည်။

"နုသွေး မယုံလို့ လား။ အဲဒါ ကိုယ့်ရဲ့ လျှို့ဝှက်ချက်တစ်ခုလည်း ဖြစ်တယ် ဆိုပါစို့။ သိတဲ့ သူတွေလည်း သိကြသလို ဘာမှ မပြောကြဘူး။ မသိတဲ့ သူတွေကလည်း ကိုယ့်ကို ယောကျ်ားလေးလို့ ပဲ ထင်ကြတယ်။ အခု ကိုယ် နုသွေးကို ချဉ်းကပ်လော့တာ နုသွေး အရမ်းလှလို့၊ အရမ်းနာမည်ကြီးပြီး နုသွေးနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ ယောကျ်ားတွေရဲ့ အနှောင့်အယှက်ကနေ ကာကွယ်ပေးချင်လို့ ပါ။ အနည်းဆုံးတော့ နုသွေး နားမှ ကိုယ်ရှိနေရင် ဒီကောင်တွေ သိပ်အတင့်မရဲနိုင်တော့ဘူးပေါ့။ နုသွေး သူတို့ ကိုTrick တစ်ခု လုပ်လို့ လည်း ရသေးတယ်။ နုသွေးရဲ့ ချစ်သူဟာ ကိုယ်ပါလို့ ကိုယ့်ကို အသုံးချလို့ လည်း ရတယ်။ အဲဒါဆို နုသွေးမှာ အနှောင့်အယှက် တော်တော်များများ ကင်းသွားလိမ့်မယ်"

ဆန်းကြယ်က ပရိယာယ်ကြွယ်စွာ ပြောနေသမျှကို နုသွေးက မျက်လုံးအဝိုင်းသား ကလေးဖြင့် တအံ့တဩ နားထောင်နေလေသည်။

"ရှင် တကယ်ပြောနေတာလား။ တကယ် မိန်းကလေးလား၊ ကျွန်မက ယောကျ်ားလေးပဲ မှတ်နေတာ"

ဟု ပြောရင်း အခုမှ ပင် တင်းထန်နေသော မျက်နှာကျောကလေး လျော့လာဖော်ရကာ  မျက်နှာကလေးမှာ ပြုံးရိပ်ငွေ့ငွေ့ ယောင်ယောင် ကလေး သန်း လာလေသည် ။ ဘယ်နေရာမှာ မှ အပြစ်ဆိုဖွယ် ဆံခြည် တစ်မျှင်စာမျှပင် မရှိအောင် လှပလွန်းသော မိန်းကလေး တစ်ယောက်မှ န်း ဆန်းကြယ်က တအံ့တသြ လက်ခံရလေသည် ။ ဒါကြောင့်လည်း ထ င်ညို့ နှလုံးသားကို သူမ ကောင်းကောင်း ကြီး ဆွဲဆောင် သိမ်းပိုက်နိုင်ခဲ့ တာ ဖြစ်မှာ ပေါ့လေ။

"ကိုယ် ငယ်ငယ်ကလေးတည်းက ယောက်ျားလေးလိုပဲ မေမေက ဆ င်ပေးခဲ့တာ။ အခု ဒီအရွယ်ရောက်တဲ့ အထိပဲ။ ပေါင်းတော့လည်း ယော က်ျားလေးတွေနဲ့ ပဲ ပေါင်းတယ်။ မိန်းကလေးတွေနဲ့ က လုံးဝမပေါင်းဖြ စ်ဘူး။ ယောက်ျားစိတ် လုံးဝပေါက်နေတာမျိုးလည်း မဟုတ်ဘူး ။ ဒါပေ မဲ့ မိန်းမလည်း မဆန်ချင်ဘူး။ မိန်းမစိတ်လည်း မရှိဘူး။ ယောက်ျားလျာ အစစ်လည်း မဟုတ်ဘူး  ဆိုပါတော့  နုသွေးရယ်။  နုသွေးကို  ကိုယ် အရမ်းခင်ချင်တယ်။ နုသွေးနားမှာ အန္တရာယ်တွေ၊ အနှောင့်အယှက်တွေ ကို ကာကွယ်ပေးချင်တယ် သိလား"

ဟု ဆန်းကြယ်က နုသွေးကို ရွှန်းရွှန်းစားစား ပြုံး၍ ကြည့်ကာ ပြော လိုက်လျှင် နုသွေးက မိန်းကလေးချင်းဆိုသော အသိဖြင့် အမူအရာက လေးမှာ ပျောင်းပျောင်းနဲ့ နွဲ့ ရှိ လာလေသည် ။

"ယောက်ျားလျာစိတ် ရှိမနေရင် ပြီးတာပဲ။ မိန်းကလေးချင်း ဆိုရင် တော့ နုသွေးကလည်း ခင်ချင်ပါတယ်။ ယောက်ျားလေးတွေကိုသာ မခ င်ချင်တာ။ သူတို့ ရဲ့ အကြံအစည်တွေကို သိနေလို့ စိတ်ပျက်တယ်"

ဟု ပြောရင်း နုသွေးက ခပ်သဲ့သဲ့ကလေး ရယ်လေသည် ။

"ကိုယ်ကတော့  နုသွေး  အပေါ်မှာ ဘာစိတ်ကူး  အကြံအစည်မှ  မရှိ

ဘူး။ ဒါပေမဲ့ နုသွေးကို ချဉ်းကပ်လာသမျှ ကောင်တွေကိုတော့ ကာကွယ်ပေးမယ်။ နုသွေးရဲ့ ကိုယ်ရံတော်ပေ့ါ။ ဘယ်လိုလဲ ... ခွင့်ပြုမယ် မဟုတ်လားဟင်" -

"ရှင် တကယ် မိန်းကလေးပါနော်။ ဟုတ်တယ် ... အခုမှ ၊ သေချာကြည့်မိတယ်။ ရှင့်မျက်နှာကလေးက မိန်းကလေးတစ်ယောက်လို သိပ်ချောတာပဲ။ ဟုတ်ပါတယ်၊ မိန်းကလေးပါ။ မျက်လုံးတွေဆို သိပ်လှတာပဲ"

ဟု ပြောရင်း ဆန်းကြယ်၏ လက်ဖဝါး နှစ်ဖက်ကို ကိုင်ကြည့်လေသည် ။ ဖယောင်းသားကလေးတွေလို နုအိသွယ်လျကာ လှပသော ဆန်းကြယ်၏ လက်တွေကို ကြည့်ကာ နုသွေးက ယုံကြည်သွားလေသည် ။

"ဒါနဲ့ ... ရှင်က ဘယ်မေဂျာကလဲ"

ဟု မေးလျှင်.... ။

"ကိုယ် ကွန်ပျူတာကပါ။ ကိုယ့်နာမည် အပြည့်အစုံက"ရှင်ဆန်းကြယ်" ဒါပေမဲ့ မိန်းမ မဆန်ချင်လို့ "ရှင်"ကို အမြဲဖျောက်ဖျက်ထားတယ်။ "ဆန်းကြယ်"လို့ ပဲ လူသိများ တယ်"

"ကျွန်မတို့ သူငယ်ချင်းတွေ ဖြစ်ပြီဆိုပါစို့ ဆန်းကြယ်။ ဖြစ်နိုင်ရင်တော့ ကျွန်မဘေးမှာ ကျေးဇူးပြုပြီး နေပေးပါ။ ကျွန်မကိုလိုက်တဲ့ ယောက်ျားလေးတွေရဲ့ ရန်ကနေ ကာကွယ်ပေးပါ။ အားကိုးပါတယ် ဆန်းကြယ်"

ဟု နုသွေးက ချစ်စဖွယ် ရယ်မောကာ တရင်းတနှီး ပြောလေသည် ။

ဆန်းကြယ် ဝမ်းသာသွား၏။ ဘဝမှာ ပထမဆုံးအကြိမ် မိန်းကလေး သူငယ်ချင်း စတင်၍ ထားဖူးခြင်းဖြစ်သည် ။ မိန်းကလေးတွေ ဆိုသည်

မ ၂၁ ပစိပစပ်များ လွန်း၊ အတင်းအဖျင်း ပြောလွန်းတတ်တာမို့ ဘယ်တုန်းကမှ မပေါင်းသင်းခဲ့ဘဲ အခုမှ ပင် သိပ်လှသော ကောင်မလေး တစ်ယောက်ကို ကိုယ့်ပြိုင်ဘက် သက်ထင်ညို လိုက်၍ မရအောင် ဟူသော ရည်ရွယ်ချက်ဖြင့် သူငယ်ချင်းအဖြစ် စတင်ပေါင်းမိခြင်း ဖြစ်လေသည် ။

"အိုကေ ... စိတ်ချ။ နုသွေး အတွက်ဆို အသက်ချင်းလဲပြီးများ ကာကွယ် စောင့်ရှောက်ပေးပါ့မယ်လို့ ကိုယ် ကတိပေးတယ်"

ဟု ဆန်းကြယ်က ပြောရင်း နုသွေးနှင့် လက်ဖဝါးချင်း ရိုက်လိုက်ကြသည် ။

မိန်းကလေး အိမ်သာခန်းထဲကနေ ပြန်ထွက်လာချိန်မှာ နုသွေးနှင့် ဆန်းကြယ် တစ်ယောက်လက် တစ်ယောက် ချိတ်တွဲထားလျက် ရှိတာမို့ အိမ်သာအခန်းနှင့် မလှမ်းမကမ်းမှာ ဖွဲကောင်းစိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သော ထင်ညိုသည် မျက်ခုံးတွေပင့်ကာ မျက်နှာပျက်သွားလေသည် ။

ဆန်းကြယ်က ထင်ညို့ကို လှောင်ပြောင်သရော်သော ဘာမထီ အပြုံးကလေး ပြုံးပြလိုက်ကာ ဘယ့်နှယ်ရှိစ ဟူသောအဓိပ္ပာယ်မျိုးဖြင့် မျက်ခုံးတွေ ပင့်ပြ လိုက်လေသည် ။

ထင်ညိုသည် ဆန်းကြယ် တစ်ကွက်ကျော်သွားပြီဆိုတာကို သိလိုက်တာမို့ ခပ်တိုးတိုး တက်ခေါက်မိကာ ဆန်းကြယ်ကို ခပ်တိုးတိုး ကျိတ်၍ ကျိန်ဆဲလေသည် ။ ဆန်းကြယ်တစ်ယောက် မိန်းမဉာဏ်ဖြင့် သူ့ကို တစ်ပတ်ရိုက်သွားခဲ့ပြီ။

ဆန်းကြယ်ကတော့ နုသွေး၏ လက်ကလေးကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆုပ်ကိုင်ထားလျက် မဏ္ဍပ်တိုင် တက်ပြနေသလို မျက်နှာကိုမော်၍ ချီ

ထားလေသည် ။ နုသွေး အနေနှင့်ကလည်း နံဘေးမှာ ယောကျ်ားလျာက လေးတစ်ယောက် ရှိနေရုံဖြင့် နုသွေးကို သဲကြီးမဲကြီးလိုက်ကာ ချဉ်းကပ် ပိုးပန်းလျက်ရှိသော ယောကျ်ားကလေးတွေ၏ အန္တရာယ်မှ သက်သာစေ လိုသော စိတ်ကူးဖြင့် ဆန်းကြယ်ကို တရင်းတနှီး ခင်မင်မိလိုက်ခြင်း ဖြစ်သည် ။

*****